စိုးမိုးစာပေ


ဆုလေးနွယ်

(ရန်ကုန်တက္ကသိုလ်)


# ရဲ ရင့် ခြင်း ပန်း တစ် ခင်း



# ရဲရင့်ခြင်းပန်းတစ်ခင်း

ကတ္တီပါဝိုင်။

သူမရဲ့ ဒီအမည် ရလာပုံက တကယ်တော့ ဘာမှမဆန်း ကြယ်။ ဖေကြီးနှင့် မေကြီးကို မေးကြည့်လိုက်တော့လည်း လွယ်လိုက်တာ။

ဖေကြီးက ဝိုင် သိပ်ကြိုက်တယ်တဲ့။ တစ်ခါ သောက်မိရင် တစ်ခွက်နှစ် ခွက် နဲ့ မရပ်နိုင်ဘူးတဲ့။

မေကြီး ကကျတော့ နူးညံ့တဲ့ ကတ္တီပါအစ တွေ ကို သိပ်နှစ်သက် တာတဲ့။ အင်္ကျီ လုံချည်ချုပ် ဝတ်ရရင် အင်မတန် နှစ် ခြိုက်ကျေနပ်မိတာပဲတဲ့။

ဒါကြောင့် မေကြီးက သမီးအငယ် ဆုံးလေးကို ကတ္တီပါ လေးဟု ချစ်စနိုး ခေါ်သည်။ ဖေကြီးက ကတော့ သူ့သမီးကို ဝိုင်တဲ့။ ထိုနှစ် မျိုး ပေါင်းပြီး ကတ္တီပါဝိုင်ရယ်လို့ ဖြစ်လာရောတဲ့။

ကျောင်းတက်တော့ ဝိုင်အမည် ဟာ အမည် အရင်း ထဲခပ်ဆန်းဆန်း ဖြစ်နေတာမို့ ဝိုင်က မိဘတွေ ပေးထားသော ထိုအမည် နာမအပေါ် ဂုဏ်ယူဝံ့ကြွားခဲ့ရသည်။

ငယ်ငယ်တုန်းက မပီကလာ ပီကလာနှင့် ဝမ်းကလေး ဝမ်းကလေးဟု နာမ်စားထည့် ပြောခဲ့တာမို့ မိဘမောင်နှမတွေ က သဘောကျမဆုံးခဲ့။

ဝိုင်ရဲ့ အထက်မှာ အသက်ငါးနှစ် ကွာတဲ့ ချမ်းဆည်းဆာ ဆိုတဲ့ အစ်မ တစ်ယောက် ရှိသလို အဲဒီ အစ်မရဲ့ အထက်မှာ နှစ် နှစ် ကြီး နှစ် နှစ် ငယ်တဲ့ အစ်ကို နှစ် ယောက် လည်း ရှိပါသေးသည်။ အစ်ကိုတွေ ရဲ့ အမည် ကတော့ စစ်သူရနှင့် ရဲသူရ တို့ ဖြစ်သည်။

အရပ်မြင့်ပြီး ထွားကျိုင်းကျစ်လစ်သော ကိုယ်နေဟန် ထားရှိသည်။ အစ်မချမ်းချမ်း ကတော့ ပိန်ပိန်ပါးပါး သေးသေး သွယ်သွယ်နှင့် အလွန်အသားဖြူသူလေး

ဖြစ်သည်။

ပိုင်ကလား။

ပိုင်က အိမ်မှာ အငယ်ဆုံး အချောဆုံး သမီးလေးပေါ့ရှင်။

ဖေကြီးဆီက အရပ်မြင့်တာနှင့် မျက်လုံးမျက်ဖန်စူးရှ နက်မှောင်တောက်ပတာကို အမွေရသလို အမေကြီးဆီကလည်း မိန်းမပီသနွဲ့နှောင်းတာ၊ အသားအရေ ဖြူစင် ကြည်လင်ဝင်းပတာ၊ ဆံပင်ရှည်ပြီး သန်စွမ်းလှပတာ၊ ပါးလေးမို့ပြီး နှုတ်ခမ်းလေး နီရဲစို ဖိတ်နေတာ၊ ခြေချောင်း လက်ချောင်းလေးတွေ သွယ်နုပျော့ပျောင်းတာ စသဖြင့် ကောင်းမွေတွေ အကုန်ရတော့ ကတ္တီပါပိုင် တို့က ဖန်ဆင်းထားတဲ့ နတ်သမီးလေး တစ်ပါးလို ပြည့်စုံ ကျော့ရှင်းနေတော့တာပေါ့ရှင်။

ကြွားတာမဟုတ်ပါဘူး။ မြင်တဲ့သူတိုင်း ငေးမောရတာ သက်သေပါ။ ရုပကာလေးက ထူးထူးခြားခြား ဆွဲဆောင်မှု ရှိသည်။

ကတ္တီပါပိုင်ရဲ့ ဝါသနာက ဖက်ရှင် ထွင်ချင်တာ။ ဖက်ရှင် ဒီဇိုင်းနာ ဖြစ်ချင်တာပါ။ သူမဝတ် တဲ့အခါလည်း ဖက်ရှင်ကျကျ ဝတ်ဆင်တတ်သည်။

ဆယ်တန်းအောင်တဲ့အခါမှာ ရိုးရိုးအဝေး သင်ပဲတက်ပြီးလျှင် စင်္ကာပူမှာ ဒီဇိုင်နာကိုစ် တစ်ခု သွားတက်တာ။

ခြောက်လသင်တန်းပြီးလျှင် သူမက ရန်ကုန်ကိုပြန်ကာ ထိုမှ ရထားစီး၍ နယ်မြို့လေးကို တစ်ဆင့်ပြန်ခဲ့ တာ ဖြစ်သည်။

နယ်ကိုပြန်ဖို့ ရထားစီးတဲ့အခါမှာ သူမ တစ်ယောက် တည်း။

ဒါပေမယ့် အိမ်ပြန်ရောက် တော့မှာ မို့ ရင်တလုပ်လုပ် ခုန်ပြီး အပျော်တွေ နှင့် ပြည့်လျှံနေမိသည်။

ရထားပေါ်မှာ ရှေ့ထိုင်ခုံကနေ ပိုင့်ကို တစ်ချိန်လုံး ငေးကြည့်လာတဲ့ လူ တစ်ယောက် ရှိတယ်သိလား။

ပုံစံလေးက သားသားနားနားပါ။ ဆံပင်တွေ ကို ဂျဲလိမ်းပြီး အပေါ် ထောင်ထားတယ်။ ငယ်ထိပ်ပေါ်က ဆံစုလေးတွေ ကို ခရမ်းရောင် ဆေး လည်း ကွက်ကြားဆိုးထားသေးတယ်။ ပြီးတော့ နားတစ်ဖက်မှာ နားကပ်တစ်လုံးနဲ့၊ ရေဘင်မျက်နှာ ပြာဖျော့ဖျော့ကို လည်း တပ်ထားသေးတယ်။ ဒါပေမယ့် အဲဒီ မျက်မှန်က မျက်လုံးကို ထိုးထွင်း မြင်နေရတယ်။ မှန်က ကြည်ကြည်လေး။ မျက်မှန်ဖြုတ် လိုက်ရင် စူးရှတောက်ပတဲ့ မျက်ဝန်းတစ်စုံကို မြင်ရမှာ သေချာတယ်။

လည်ပင်းမှာ စတီးဆွဲကြိုး ပြောင်ပြောင် ထူထူကိုလည်း ဆွဲထားသေးတယ်။ (ထိုတစ်ခုကိုတော့ ဝိုင်ကကြည့်မရ)။ နယူးယောက် စာ တမ်းပါတဲ့ တီရှပ်အနက်ပေါ် ကနေ လယ်သာအပါး ဂျာကင်အပြာရောင် အသားပျော့ပျော့ကို ဂျင်းဘောင်းဘီ အပြာရင့်နဲ့ တွဲ ဝတ်ထားပြီး ထိပ်ဦးချွန်တဲ့ ကမ်းထရီးဘွတ်ကို စီးထားတယ်။ ပြီးတော့ သူ့ဆီမှာ ကျောပိုးအိတ် ခပ်ကြီးကြီးတစ်လုံးပဲ ပါလာတာ တွေ့ရတယ်လေ။

သူဟာ ဝိုင့်လို အိမ်ပြန်တာလား။ ဒါမှမဟုတ် တစ်နေရာကို ခရီးထွက်လာ တဲ့ ခရီးသွား ဧည့်သည်လား။

သူဘယ်သူတာမှာ ဆင်းမှာ လဲ။

ကြည့်ရတာ တော့ သူပုံစံက အေးအေးလူလူ သက်သော င့်သက်သာ ပါပဲ။

လမ်းမှာ ဘာမှလည်းဝယ်မစား။ ဘာမှလည်း ပါလာပုံ မရပါ။ လက်ထဲက ရေဗူး အလတ်စားလေးကို ဖွင့်ပြီး တစ်ငုံ့နှစ် ငုံ့ သောက်တာတော့ တွေ့သည်။

ကတ္တီပါဝိုင်က အပျင်းပြေ နေကြာစေ့ ကိုက်ဝါးလာပါ သည်။ ပြီးတော့ သူစိုက်ကြည့် နေတာကို ဝိုင် မသိယောင်ဆောင် ထားသည်။

အမည် မသိသူစိမ်းယောကျာ်း တစ်ယောက် ရဲ့ တစိုက်မတ်မတ်အကြည့်ငေးကြောင့် တစ်မျိုး လေးတော့ မနေတတ် ဖြစ်ရသည်။ ဒါကိုတော့ ဝန်ခံပါသည်။ မျက်မှန်အောက်က သူ့မျက်လုံးတွေ ဟာ တဆိတ်တော့ စူးစူးရှရှ ရှိလှသည်။ ပြီးတော့ အားမနာစတမ်း အကြည့်လွှဲ မသွားဘူးလေ။

နှုတ်ခမ်းလေးကို မဟတဟဖွင့်ပြီး နေကြာစေ့ကို ဖောက်ခနဲ ကိုက်လိုက်ပုံလေးဟာ ချစ်စရာကောင်းသလို အချိုး လည်းကျသည်။ လက်ချောင်း ဖြူဖြူသွယ်သွယ်တွေ နှုတ်ခမ်းရဲရဲလေး နား မြှောက်ကပ် သွားတာပင် တစ်မျိုး ကြည့်လို့ ကောင်းသည်။

ရုပ်ရှင်ကြော်ငြာ ထဲက မင်းသမီးလေး နေကြာစေ့ စားပြနေတဲ့ အတိုင်းပါပဲ။ သမင်မွေး ရောင် စတိုင်လ်ဘောင်းဘီရှည်နှင့် ခြေချိတ်ထိုင်နေပုံက သူ့အိမ် သူ့ယာမှာ လို စမတ်ကျကျ။ စပို့ရှပ် လက်ရှည် ပန်းနုလေးက လက်နေရာမှ ပန်းရောင် နှင့် အဖြူအစင်းကြားဒီဇိုင်းပါ။ ဆံပင်အဖျား ခွေခွေ အိအိပျော့ပျော့ ကော်ဖီရောင် ရင့်ရင့်က ပခုံးတစ်ဖက်တစ်ချက် ဆီမှ ရှေ့ဘက်ကို ဝဲကျနေသည်။ ကကြိုးပုံလှလှ နဖူးစပ်ကလေးက ချစ်စရာကောင်းလိုက်ပါဘိ။ ဆံပင်တွေ က စိုစိုပြောင်ပြောင်လေးနှင့် တမင်တကာ ရှိုင်းဖြစ်နေအောင် ပြုပြင်ထားပုံရသည်။

ဘယ်လိုပဲကြည့်ကြည့် သူမပုံစံလေးက ရိုးမသွားဘဲ အကြည့်ခံသည်။ တစိမ့်စိမ့် ကြည့်နေချင်မိသည်။

ဖိုးကာ သီချင်းထဲကလို တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့် ကြည့်နေချင်စရာပါ။ နဖူးက ခြေဖျားထိအောင်လည်း ချစ်စရာ ကောင်းလွန်းတာ အမှန်ပါ။

လုံးဝန်းတဲ့ မေးဖျားလေးကို ဖွဖွဆွဲညှစ် လိုက်ချင်သည်။ ပါးမို့မို့ကိုလည်း လက်ညှိုးနှင့် အသာအယာ ဖွဖွလေး တို့ထိချင်မိသည်။ ကြည့်ရင်းက သူ့စိတ်က ချစ်စနိုး ဖြစ်လာတာ။

အရုပ်ကလေး တစ်ရုပ်လို ကောက်ချီပွေ့ယမ်း ပစ်ချင်စရာကွာ။

သို့သော် ကောင်းမလေးက မျက်နှာတင်းတင်း အိန္ဒြေရရနှင့် ပါ။ ဟိုကြည့်တောင် သိပ်မလုပ်ဘဲ ပေါင်ပေါ်တင် ထားတဲ့ မဂ္ဂဇင်းတစ်အုပ်ကိုပဲ နေကြာစေ့ စာရင်း ငုံ့ဖတ်လာတာ။

ခရီးဖော်မပါ တစ်ယောက် တည်း ပေမယ့် ရဲရင့်ပြီး သတ္တိ ရှိပုံရသည်။ ပုံလေးကြည့်ရတာ သူ့ကိုယ်သူ အတော် ယုံကြည်တဲ့ပုံ။

သူမ ဘယ်ဘူတာမှာ ဆင်းမှာ လည်း သူသိချင်သည်။

ခရီးတစ်ခုမှာ အတူကြုံလာရတာ ရထားတစ်စီးပေါ်အတူ တူ စီးနင်းလာသူချင်း မိတ်ဆွေဖွဲ့ရင် မရဘူးလား။

သူမဟာ မာနကြီးသူလေးလား။

မတော် တဆ မသိကျွမ်းလိုက်ရဘဲ သူမ တစ်နေရာမှာ ရထားရပ်တုန်း ဆင်းသွားရင် သူ့ရင်ထဲ ဟာတာတာကြီး ဖြစ်ကျန်ရမှာ သေချာသည်။

သိပ်ချစ်စရာ ကောင်းနေသော သူမကို မြင်မြင်ချင်းပင် စိတ်ဝင်စား မိတာသူ မငြင်းချင်။

ကိုယ့်ခရီး ကိုယ်ဆက်ရမှာ ပင် စိတ်ဖြောင့် နိုင်မှာ မဟုတ်တော့ပါ။ သူမ ဘယ်ကလဲ။ ဘယ်မှာ နေတာလဲ။ ရန်ကုန်မှာ လား။ အဆင့်အတန်း မြင့်သာ သားနားသပ်ရပ်သော ဟန်ပန်လေးကို လျှော့မတွက်ရဲ။ ချမ်းသာပြည့်စုံသော အသိုင်းအဝိုင်းက ဖြစ်မှာ ပါ။ နားမှာ စိန်အပြားအဝိုင်းလေး ပန်ထားတဲ့ နားကပ်တန်းကြေးကပင် နည်းမှာ မဟုတ်။

သူဟာ စိန်၊ ပတ္တမြား၊ ကျောက်မျက် ရတနာတို့နှင့် မစိမ်းပါ။ မြင်လိုက်တာနှင့် နားလည်သည်။ တန်ရာတန်ဖိုးကို တွက်နိုင်သည်။ သူကြီးပြင်းလာတာ ကျောက်မျက်လုပ်ငန်း အသိုင်းအဝိုင်း မှာ ပဲလေ။ သူ့အလုပ်ကလည်း ကျောက်မျက်ရတနာ ကုန်သည်ပဲကိုး။

သူတကယ် ဝါသနာပါတာက တိုက်တွမ်ဒို ကစားတာ ဘီလိယက်ထိုးတာ။ သူ ဖြစ်ချင်ခဲ့တာက ဆရာဝန်။

ဒါပေမယ့် တကယ် ဖြစ် လာတာက ကျောက်ကုန်သည်။ ဘီလီယက်နည်း ပြဆရာ၊ ဆိုးတော့ မဆိုးပါဘူး၊ ဘဝကြီးကို ကျေနပ်ပျော်ခဲ့တာပဲ။

သို့သော် သူ့မှာ လုပ်စရာ တာဝန်လေးတွေ ရှိသေးသည်။

ထိုကိစ္စနှင့် ပဲ ဤခရီးကို သူစတင်ခဲ့တာက ရှေ့မှာ သူ့အတွက် လုပ်စရာ

စိမ့်ကိန်းတွေ အများ ကြီး ရှိသေးသည်။

သူမဟာ ချစ်သူ တစ်ယောက် အတွက် အချိန်တွေ ပေးဖို့ မရည်ရွယ်။

ဘဝကို အခြေတကျ နေထိုင်ပြီး တစ်စုံ တစ်ယောက် ကို လက်ထပ်ဖို့ရာလည်း မဖြစ်နိုင်သေးပါ။

ဒါပေမယ့် မရည်ရွယ်ပါဘဲ နှလုံးသားက အမှတ်မထင် ခုတ်လိုက်ခဲ့ရတာ ။

မသိမသာလေး နဲ့ ညှို့ အားပြင်းတဲ့ ကောင်းမလေး။ သူ့စိတ်တွေ ကို ခဏလေးနှင့် အမှတ်မထင် အရည်ပျော်စေသည်။

သူသည် ထိုခဏမှာ အားလုံးကို မေ့သွားပြီး သူကလေး နားသို့ သာ တိုးကပ်သွားချင်မိတော့သည်။

သူကလေးဟာ ဘယ်သူလဲ။ အပျိုး လား။ ဘယ်မှာ နေတာလဲ။

သိချင်စိတ်တွေ က ရုတ်တရက် များ ပြားလာခဲ့သည်။

စိတ်ကူးယဉ်လို့ မ ဖြစ်ပါဘူး။ သူမအကြောင်း သိတော့ရော အခုကိုယ်က သူမနောက် လိုက်သွားနိုင်မှာ မို့လို့လား။ ကိုယ့်ကိစ္စနှင့် ကိုယ့်ခရီးကိုယ် ဆက်ရမှာ ပဲ။

လူ ကတော့ သံလိုက်တုံး တစ်ခုလို သူမဆီပဲ ပြေးကပ်ချင်မိသည်။

မိန်းကလေးတွေ အများ ကြီးပဲ တွေ့ဖူးပါသည်။ သို့သော် ဤမျှ သူ စိတ်မလှုပ်ရှား။ လောက၌ အချစ်ဆိုသော အရာဟာ အမှန်တကယ် ရှိသည် ဆိုလျှင် အခု သူ့စိတ်ထဲ မှာ ဖြစ်ပေါ်လာသော ခံစားချက်ဟာ အချစ်ပဲ ဖြစ်နေလိမ့်မည် ။

အရင်က သူမသိဖူးသော အချစ်။ ပြောပြဖို့ ခက်လှသော ရင်တွင်း လှုပ်ရှား မှု တစ်မျိုး နှင့် သူငြိမ်းငြိမ်းကြီး စိုက်တန့်ငေးမော နေမိတာ။

ဘာမှန်းမသိဘဲ နှင့် ကို နှစ် လိုခြင်းတွေ က ရင်မှာ ဖိတ်လျှံတက်လာတာ။ မျက်နှာလေးကို ငေးမောနေရခြင်း၌ ပင် စိတ်တွေ ချမ်းမြေ့ရလှတာ။ မကြုံဖူးရင်

ထိုခံစားချက်ကို သိနိုင်မှာ မဟုတ်ပါ။

ကမ္ဘာဦးအစ အာဒမ်ရဲ့ ဧဝအပေါ် လှုပ်ရှားမှု ကရော ဒီအတိုင်းပဲ စခဲ့တာလေ။ လူတွေ ပြောပြောနေကြတဲ့ ချစ်စိတ်တယ်ဆို တာရော ဒါပဲလား။

ပတ်ဝန်းကျင်မှာ အုံ့မှိုင်းပြီး မိုးတွေ တဝုန်းဝုန်း ရွာလာတာ ကိုပင်သူ သတိမပြုမိ။

ဘူတာကြီးက ရထားစထွက် ကတည်းက မိုးကရွာနေခဲ့တာ။ အခု တဖြည်းဖြည်း ပိုသည်းထန်လာသည်။

ကတ္တီပါဝိုင်သည် မဂ္ဂဇင်းစာအုပ်ကို ပိတ်ကာ ရထားပြတင်းမှ အပြင်သို့ ကြည့်မိ၏ ။ မိုးသည်းပုံက အတော် ပြင်းထန်းလာသည်။ မရပ်မနား အငြိုး တကြီးနှင့် တရစပ် ရွာသွန်းဖြိုး နေတာ ကြောင့် လည်း ဘေးဝဲဟာ လယ်ကွင်းတွေ ထဲ ရေလျှံနေလေပြီ။

မြင်မြင်သမျှ ရေတွေ ချည်း ဖြစ်နေပါသည်။

သူမဟာ မိုးသည်းထန်ပုံကို မကြောက်စဖူး ကြောက်လာသည်။ ဒီမိုးဟာ တစ်နေ့လုံး စဲရောစဲဦးမှာ လား။ ဘာကြောင့် ဒီလောက်မိုး ကောင်းနေတာလဲ။

မှတ်သားဖွယ် မိုးရေချိန် လက်မတွေ လည်း စံချိန်းချိုး တော့ မည် ထင်ပါရဲ့ ။

မိုးများများ ရွာတာက ကိုယ့်အိမ်မှာ ဆို ကိုယ်တော် သေးသည်။ အခုတော့ လမ်းခရီးမှာ ၊ လမ်းခုလတ်မှာ ၊ ဒီလောက်မိုးများ ပုံနှင့် ဆို ရေကြီးရေလျှံ တော့

ရထားတောင် ဆက်ပြီးခုတ်မောင်း လို့ ရပ့်မလား။

သူမ စိုးရိမ်ပူပန်လာမိသည်။

မုန်တိုင်းရှိလို့ တအားကောင်းနေတာ။ မုန်တိုင်းကမှ မထွက်သေးတာ။

ဘေးနားက အဒေါ်ကြီး နှစ် ယောက် စကားကြောင့် သူမပို၍ ပူပန်လာမိသည်။ မတော် တဆ လမ်းခုလတ်မှာ များ သော င်တင်နေ တော့မလား။ သူတို့က မုန်တိုင်းအကြောင်း

ဆက်ပြောနေကြ၏ ။

သူမက အပြင်မိုးသည်းထဲကို မှန်ချပ်မှ တစ်ဆင့်ကြောင်းမဲ့ ငေးကြည့်နေမိသည်။ အမှန်တော့ မိုးရွာတာ တင်မက ဘဲ တစ်ချက်တစ်ချက် လေပြင်းတွေ လည်း တိုက်ခတ်နေသေးသည်။

ဒီနေ့ ထွက်မလာခဲ့မိရင် အကောင်းသား။ ကတ္တီပါပိုင် တွေ းသည်။ ဒါပေမယ့် လူက အိမ်ပြန်ဖို့ အရမ်းစိတ်စောနေပြီ။

လေဆိပ်မှာ တုန်းက အိမ်ကိုဖုန်း ဆက်ထားသေးသည်။ နှစ် ဆယ့်ခြောက် ရက်နေ့လောက် ရောက်မည် ဆိုတာ ပြောထားတော့ သူတို့လည်း ပိုင့် ကိုမျှော်နေမှာ ။

မိုးက မရပ်မနား ဆက်တိုက်ရွာနေတာ နာရီပေါင်းများ စွာ မို့ဘူတာတစ်ခု အလွန်မှာ ရှေ့ဆက်သွားလို့ မရတော့ပါ။ လမ်းတွေ ရေမြုပ်နေသည်။ တစ်မြို့ လုံး မထင်မှတ်လောက်အောင် ရေကြီးလေ ပြီ။

ရထားပေါ်က လူတွေ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏ ။

ခေတ္တရပ်နားမည် ဖြစ်ကြောင်း ကြေညာတော့ ဘာမှမတတ်နိုင်။

ရေပြန်ကျသွားမှာ ပဲ ရထားထွက်လို့ ရတော့မည် ။

ရေဒူးဆစ်နီးပါး မြုပ်လုလောက် ရှိမည် ထင်ရ၏ ။ ခပ်ဝေးဝေးမှာ ရွာငယ်လေးလကိုတော့ လှမ်းမြင်နေရသည်။

“ဘယ်လိုလုပ်ကြမလဲ”

“မတတ်နိုင်ဘူး၊ စောင့်ရမှာ ပေ့ါ”

“ဘယ်အချိန်ထိ စောင့်ရမှာ လဲ၊ စိတ်ညစ်လိုက်တာ”

“ဒီတစ်ညတော့ ဒီမှာ ပဲ သော င်တင်နေမှာ သေချာတယ်၊ မနက်မိုးလင်း ရထားပြန်ထွက်နိုင် ရင် ကံကောင်း”

“ဟုတ်တယ်ဟေ့၊ ရေက ချက်ချင်း ပြန်ကျမှာ မဟုတ်ဘူး၊ လမ်းတစ်လျှောက်လုံး ရေမြုပ်နေပြီ၊ ကြည့်ပါလား”

အပြင်ကို ကြည့်ကြ၊ တစ်ယောက် တစ်ပေါက် ပြောဆိုကြနှင့် ရထားပေါ် ဆက်ထိုင်နေတဲ့ သူကထိုင်။ ဆင်းကြည့်တဲ့သူက ကြည့်။ ပလက်ဖောင်း နံဘေးကို ဆင်းရပ်တဲ့ သူကရပ်။ မျှော်မှန်းသလို ဖြစ်ချင်မှ ဖြစ်တာ။ ဒီအချိန်ရောက်မယ် ဆိုလည်း ရောက်ချင်မှ ရောက်တာ၊ ဝိုင်ထင်တာ ဒီညနေ အိမ်ရောက်ပြီလို့လေ။

အခုတော့ ဘယ်ဟုတ်မလဲ။

လမ်းမှာ ပဲ တစ်ညအိပ်ရမည့် ပုံစံ ဖြစ်နေပြီ။ ဝိုင်သည် မျက်ခုံးလေးရှုံ့ကာ အတော် စိတ်ရှုပ်သွားရသည်။ မတတ်နိုင်။ဒီနေရာမှာ အားလုံး နှင့် တန်းတူ ဖြစ်သလို ရင်ဆိုင်ရမှာ ပဲလေ။

ဘူတာကိုလည်း လွန်လာပြီမို့ ဈေးရောင်းသူလည်း မနီးပါ။

တအောင့်ကြာတော့ စားစရာပါတဲ့ သူတွေ က ရှိတာ ထုတ်စားကြသည်။ ဝိုင် ကတော့ မနက်စာ ဘရိတ်ဖတ်စ်စားပြီး ကတည်းက ဘာမှထပ်မစား။ လမ်းမှာ အားလူးကြော်တို့ နေကြာစေ့ တို့လောက်ပဲ စားခဲ့တော့ ဗိုက်က မနေနိုင်အောင် ဆာလောင်နေပြီ။ အခုနက ဘူတာမှာ အော်ရောင်းနေတဲ့ ထမင်းလုပ်ကို ဝယ်စားခဲ့မိရင် အကောင်းသား။

ဒီတစ်ခါ လာရောင်းတဲ့သူ ရှိရင်တော့ ဝိုင် အပြေးဝယ်မိတော့မှာ သေချာသည်။ ဆာလောင်းဟာ လူတွေ အားလုံး ကို အဓိက ချုပ်ကိုင်ထားတယ် ဆိုတာ မယုံလို့မရ။

“ကလေးမ စားပါဦး”

အဒေါ်ကြီး တစ်ယောက် က လက်ဖက်နှင့် နယ်ထားသော ထမင်းချိုင့်ကို ထိုးပေးသည်။

“ဟင့်အင်း အဒေါ်စားပါ၊ ကျေးဇူးပဲ”

သူမရဲ့ အသံ ကို စတင်ကြားဖူးရခြင်းပါ။ အသံတိုးကလေး ကလည်း နားထောင်ကောင်းသည်။

"မင်း ဒီမှာ ပဲ ဆက်ထိုင်နေမှာ လား၊ စားစရာထမင်းတွေ ဘာတွေ က ဘယ်အချိန်မှ လာရောင် းမှာ လဲ မသိဘူး"

တပ်ထားသော မျက်မှန်ကို ငယ်ထိပ်ပေါ် တင်လိုက်ပြီ ဖြစ်သော ကိုလူစိမ်းက သူမကို စတင်စကားပြော လိုက်တာပါ။

"ကျွန်မလည်း ဘယ်သိမလဲ"

"မင်းဆာနေပြီ မဟုတ်လား၊ ဘာမှလည်း စားတာမတွေ့ ဘူး ၊ ဒီအတိုင်းထိုင်နေလို့တော့ ဘယ် ဖြစ်မလဲ၊ ကိုယ်တို့ အောက်ဆင်းပြီး ရွာထဲဘက် လျှောက်သွားကြည့်ရအောင်"

"အိုး . . .မိုးတွေ ရွာနေတဲ့ ဥစ္စာ "

"ဟ မိုးရွာလည်း ထမင်း ကတော့ စားရမှာ ပဲလေ၊ မင်းမှာ ထီးမပါလာဘူးလား"

တကယ်တော့ ဒီမိုးဟာ ထီးဆောင်းလည်း လုံမယ့်မိုး မဟုတ်ဘူး။ လေပါတိုက်နေတော့ စိုမှာ ပဲ။

"ထီးတော့ပါပါတယ်၊ မနေ့ကမှ မိုးရွာလို့ ဝယ်လိုက်တာ"

"ကဲ ဒါဆိုလာ၊ ဆင်းရအောင်"

"သူက ရဲရဲတင်းတင်းပင် သူမကို အဖော်စပ်လေသည်။

"ဒါဆို ရှင်ကရော ဘယ်လိုလုပ်မှာ လဲ"

"ကိုယ့်မှာ မိုးကာဂျာကင်ပါတယ်၊ အဲဒါ ဝတ်လိုက်မယ်၊ ရတယ်၊ ကိုယ်က မိုးစိုလည်း တော် ရုံနဲ့ မဖျားပါဘူး"

"ရှင်က အားကစား သမားထင်တယ်"

“ကိုယ့်ပုံက ဗလကောင်းတဲ့ပုံ ဖြစ်နေလို့လား”

သူက လက်မောင်းကြွက်သားကို တစ်ချက်ညှစ်ပြရင်း ရယ်ဟဟ ပြန်မေး၏ ။

ထို့နောက်မှာ တော့ ကျောပိုးအိတ်ကို ကိုယ်စီလွတ် လျက်ရထားပေါ်က ဆင်းခဲ့ကြသည်။

“နေပါဦး ရှင့်နာမည် တောင် မသိသေးဘူး”

“ထစ်ချုံးည”

“အဲဒါ ဘာလဲ”

“နာမည် လေ”

“ဟင် နာမည် ကလည်း တစ်မျိုး ကြီးပဲ၊ နာမည် လို့တောင် မထင်ရဘူး”

“မင်းကရော”

“ကတ္တီပါဝိုင်”

“ဘာ ငါမေးတာက မင်းနာမည် ကွ၊ ဝိုင်နာမည် မဟုတ်ဘူး”

“ကျွန်မက ဝိုင်”

“ထိုနာမည် နှင့် အလွန်လိုက်တယ် ပြောရမှာ ပဲ။ သူမကို ကြည့်မိတာနှင့် ရီဝေဝေ ယစ်မူးချင်သည်။

“ဘယ်ကိုသွားမှာ လဲ”

“မော်လမြိုင်”

“ဟာ မော်လမြိုင်အထိလား”

“ရှင်ရော”

“ကိုယ်လည်း အတူတူပဲ”

“ဒါဆို ဝိုင်နဲ့ အဖော်ရပြီ”

ပြောပြောဆိုဆို ရှာဘက်သွားတဲ့ လမ်းအတိုင်း လျှောက်ဖို့ပြင်သည်။

“မရဘူးနော်၊ မင်းဘောင်းဘီကို ဒူးဆစ်ထိ ခေါက်တင်ထားလိုက်၊ ရထားပေါ်က မဆင်းခင်ကတည်းက ဘောင်းဘီ အနား ခေါက်ခဲ့ရမှာ ကွ၊ လာလာ ဒီနားကို”

လူမရှိတဲ့ ကင်းတဲဟောင်းလေး တစ်ခုရဲ့ အမိုးအောက် သို့ အမြန်ပြေး ခိုမိကြသည်။

ဝိုင်က ထီးကိုခေါက်ပြီး ရေစက်လက်နှင့် ကိုင်ထားဆဲ မှာ သူက ဝါးခုံတန်းပေါ် ခြေထောက်မြှောက်ပြီး ခါးငုံ့ကိုင်း၍ သူ့ရဲ့ ဂျင်းဘောင်းဘီကို အမြန်ခေါက်လေသည်။

တကယ်တော့ ဘောင်းဘီအနားက ရေစိုနေပြီ ဖြစ်သည်။

ဝိုင်းလည်း သူ့ကိုပဲ ဘောင်းဘီခေါက်သည်။

တစ်ဖက်ပြီးလို့ နောက်တစ်ဖက် ခေါက်နေဆဲမှာ

“ဝေါ ဝူးဝူး ဖြောင်း ဖြောင်း”

လေပြင်းမုန်တိုင်းက ရုတ်တရက် ကျရောက်လာ၏ ။

ဒီလောက်ထိ လေတိုက်ကြမ်းတာကို ဝိုင် မတွေ့မြင်ဖူးခဲ့။

“ဘုရား ဘုရား”

နှစ် ယောက် သား မြေပြင်ပေါ် အမြန်ထိုင်ချလိုက်ကြ၏ ။

ကင်းတဲရဲ့ အမိုးက စုတ်ပြတ် လန်ထွက်သွားသည်။ တဲတစ်ခုလုံး လည်း ယိမ်းခါလှုပ်ယမ်းနေ၏ ။ မည် သည့် အရပ်က မည် သည့် ပစ္စည်းတွေ လေနှင့် လွင့်ပါလာသလဲ မကြည့်ရဲ။ သစ်ပင် တွေ လည်း လဲပြိုကျသံကြားရ၏ ။

“အစ်ကို လေမုန်တိုင်းကျပြီး ၊ဘယ်လိုလုပ်မလဲ၊ ဝိုင် အရမ်းကြောက်တယ်”

သူပဲ အားကိုးစရာရှိတော့ တုန်တုန်လှုပ်လှုပ်နှင့် သူ့အနား တိုးကပ်ပုနေမိသည်။

"မကြောက်နဲ့၊ ဘာမှ မ ဖြစ်ဘူး"

သူက ဝိုင်ကို ဒီဖက်ပို့ကာ လေတိုက်ရာဖက်ကို ကာကွယ်ပေးထားသည်။

"ခဏလေးပါ ပြီး သွားပါပြီ"

မုန်တိုင်းအရှိန်ဟာ ခဏလေးတော့ မကပါ။ လေပြင်းတွေ က အားကောင်းကောင်းနှင့် ဆက်တိုက်ခတ်နေသည်။

"ကြောက်စရာကြီးနော်၊ လူတောင် လွင့်ပါသွားတော့ မယ့်အတိုင်းပဲ"

"ဒီနားကို သွပ်ပြားတွေ ဘာတွေ လွင့်မလာတာ တော် သေးတယ်ကွ"

"ထပ်ပြီး တိုက်ရင်ရော"

"မတိုက်တော့ဘူး၊ လေအရှိန် နည်းသွားပြီ၊ မိုးပြန်သည်းလာပြန်ပြီ ၊ ကြည့်ပါလား"

"ရထားပေါ်က ဆင်းခဲ့တာမှာ းပြီ"

"မမှာ းပါဘူး"

"မိုးလည်း ရွဲနေပြီ ရှင်ရောပဲ"

"အဆောက်အအုံ ကြီးကြီးမားမားတွေ ဒီနားမှာ မရှိလို့ လေက ပိုအားကောင်းတာပါ"

"အဲဒါ လေဆင်နှာမောင်းလား"

"ဟား ဟား မဟုတ်ပါဘူး"

"ဒီလောက်လန့် စရာကောင်းတာ၊ ရှင်က ရယ်နေနိုင်တယ်၊ ဝိုင်ဖြင့် အသက်တောင် မရှူရဲဘူး"

"လေငြိမ်း သွားပါပြီ၊ မစိုးရိမ်နဲ့တော့ "

သူ ကတော့ အေးအေးဆေးဆေး ပါပဲ။

ဝိုင် ကတော့ လက်ကလေးပိုက်ကာ ချမ်းလည်း ချမ်းလာသည်။ ဗိုက်ကလည်း တကြုတ်ကြုတ် မြည် အောင် ဆာလောင်နေပြီ။

"ဒီမှာ ရပ်နေလို့တော့ မ ဖြစ်ဘူး၊ ရွာထဲသွားပြီး ထမင်းဆိုင် လေးဘာလေး ရှာရအောင်"

"ထွက်လို့ ဖြစ်ပါ့မလား ကိုယ်ထစ်ချုံးရဲ့ ၊ အခုနလို မုန်တိုင်း ထပ်တိုက်ရင်ရော ဒီမှာ ကမှ မိုးခိုစရာလေး ရှိသေးတယ်"

"လာစမ်းပါ ၊ အဲလောက် မကြောက်ပါနဲ့"

သူက ထီးကို ပြန်ဖွင့်ပြီး ဝိုင့်အပေါ် မိုးပေးသည်။ ပြီးတော့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတဲ့ ဝိုင့်ကို တရင်းတနှီး ဟန်ဖြင့် လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆွဲခေါ်လေသည်။

လေမုန်တိုင်းတစ်ခုကို သူနှင့် အတူ ရင်ဆိုင်ဖြတ်သန်း လိုက်ရတာ မယုံနိုင်စရာ။

သူနှင့် တွေ့ဆုံခြင်း ခရီးအစမှာ ပင် အန္တရာယ်က ရှိနေသည်။ ဘာသဘောပါလိမ့်။ ဝိုင်က ဘာလေး ဖြစ် ဖြစ် စိတ်ထဲက အတိတ်နိမိတ်ကောက်တတ် သူ ဖြစ်ရာ ဒီအကြောင်းကို စေ့စေ့တွေးနေမိ၏ ။

"လာလေကွာ၊ မြန်မြန်လျှောက်"

သူနှင့် အတူ ထီးတစ်ချောင်းတည်း အတူတူဆောင်းမိတဲ့အထိ ဝိုင်တို့ တစ်ခဏချင်း ရင်းနှီးသွားရပုံက မြန်ဆန်လှသည်။

ဘောင်းဘီတွေ ဒူးဆစ်ထိတိုနေလျက် မိုးရွာကြီးထဲ ကျောပိုးအိတ် ကိုယ်စီနှင့် ခရီးကြမ်းနှင် လမ်းလျှောက်ခဲ့ကြသည်။

ရေကြီးနေသဖြင့် ထင်သလောက် ခရီးကတွင် ။ စမ်းတဝါးဝါး လျှောက်ရတာ ။

ဝိုင်သည် ဘယ်လိုက ဘယ်လို သူ့လက်မောင်းကို တွဲ ထားမိသလဲ မသိတော့ပါ။ ကိုယ်မရောက်ဘူး မကျွမ်းကျင်တဲ့ ဒေသတစ်ခုမှာ နံဘေး၌ ထစ်ချုံး ရှိနေ၍ အားအင်တွေ ရှိနေသလား ထင်ရသည်။

ရေထဲမှာ သူ့လက်မောင်းကို ဆုပ်ကိုင်ပြီး ဖြည်းဖြည်းချင်း စမ်းလျှောက်နေတဲ့ သူ့ပုံစံက မျက်လုံးလေးလည်း ပြူး ကျယ်ဝိုင်း စက်လို့။

ထစ်ချုံး သည် ကြုံလာတဲ့ အခြေအနေမှာ စိတ်မညစ်ညူး ဘဲ ပျော်တောင်ပျော်နေမိသည်။

"ဖြည်းဖြည်းလေး လုပ်နေရင် မျှော့တွယ်မှာ နော်၊ ဟားဟား"

"ဟင် တကယ်၊ တကယ်လား၊ ဒီမှာ မျှော့ရှိလား"

"လယ်ကွင်း တွေ ပဲ ရှိမှာ ပေါ့ကွ"

သူမက ခြေသလုံးလေးကို ငုံ့ကြည့်၏ ။

ရေစိုနေတဲ့ ခြေသလုံးသား ဝါနှစ် နှစ် သွယ်စင်းစင်းလေး ကလှလိုက်တာ။ တကယ့်ကို အလိုအပိုမရှိ။ အချိုး ကျသွယ်နု တဲ့ ခြေသလုံးလေးပါလား။

သူက အမှတ်တမဲ့ ကြည့်မိသွားသည်။

ပြီးမှ ခေါင်းပြန်မော့ကာ ရယ်လိုက်မိရင်း . . .

"မတွယ်သေးပါဘူး ကွာ၊ ဖြစ်ပါတယ်၊ လျှောက်စမ်းပါ"

"ရှင်ပဲ မျှော့ရှိတယ်လို့ လျှောက်ပြောပြီးတော့"

သူမက အသည်းယားသလို ဘောင်းဘီစကို မထားသေး၏ ။ လန့်နေသော အမူအရာလေးကပင် တစ်မျိုး ချစ်စရာ ကောင်းနေသည်။

"ဝိုင် မင်းက မိသားစုနဲ့ နေတာလား"

"သူက အရေး ထဲ မေးခွန်းထုတ်လိုက်သေး၏ ။

"အင်းပေါ့"

"အိမ်ထောင် မရှိဘူးလား"

"အို . . . ဘာတွေ မေးနေတာလဲ"

"သိချင်လို့ပါ"

"ဒီအရွယ်လေးနဲ့ အိမ်ထောင်ပြုစရားလား ၊ဗိုင့်အထက်က အစ်ကိုတွေ တောင် လူပျိုကြီးတွေ ရှိသေးတဲ့ဥစ္စာ"

"ဟုတ်လား၊ အစ်ကို ဘယ်နှစ် ယောက် လဲ"

"နှစ် ယောက် အစ်မက တစ်ယောက် ရှင်ရော"

"ဘာကိုမေးတာလဲ"

"ရှင့်မှာ ကလေးဘယ်နှစ် ယောက် လဲလို့"

တကယ်မေးချင်တာက လူပျိုလားလို့ပါ။ ဒါပေမယ့် ကလေးဘယ်နှစ် ယောက် လဲ မေးလိုက်တာက ပိုပြီးစိတ်လုံခြုံလို့။ သို့သော် သူ့အဖြေကြောင့် အငိုက်မိကြောင်း အမ်းသွားရသည်။

"သုံးယောက် "

"ဟင်"

သူ့ကို တအံ့အဩလေး မော့ကြည့်ဟန်က အံ့အားတသင့်။

ဖြစ်နိုင်တာပဲ။ တချို့ကလည်း အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျပြီး သားသမီးတွေ ရှိနေနိုင်တာပဲ။

"အိမ်နားက ကလေးတွေ ပြောတာ၊ ကိုယ့်ကလေးတော့ မဟုတ်ဘူး ၊ဟား ဟား"

သူမ မျက်နှာလေး ဖျတ်ခနဲ ပြောင်းလဲသွားပြီး

"ရှင်တော် တော် နောက်တာပဲ"

"ဒီရပ်က ကလေး အဖေရှပ်လားဗျာ"

"အို ဘယ်သိနိုင်ပါ့မလဲ"

"လူပျိုပါဗျာ၊ ကျိန်ပြောရမလား"

"မကျိန်ပါနဲ့၊ ဘယ်သူက ကျိန်းခိုင်းလို့လဲ"

သူ့မပြောပုံလေးကို ချစ်စနိုး ဖြစ်မိသည်။

တကယ်လည်း ထစ်ချုံးမညာ။ လွတ်လပ်တဲ့ တစ်ကိုယ်ရေဘဝကို မြတ်နိုးနေဆဲ မဟုတ်လား။

သူတို့ဆက်လျှောက်ရင်း တဖြည်းဖြည်း ရွာထဲရောက်လာသည်။ မိုးရွာထဲမှာ ငြိမ်ကုပ်နေတဲ့ အိမ်ကလေး တွေ တော့ အများ ကြီးပါ။

တွေ့ တဲ့လူတွေ ကို ထမင်းဆိုင် ဘယ်နားရှိသလဲ မေးမြန်းစုံစမ်းရ၏ ။ ကြည့်ရတာ တော့ ဆိုင်ကောင်းကောင်း ရှိပုံမရပါ။

"ဘုတာမှာ ထမင်းထုပ်သွားရောင် း တဲ့အိမ်တော့ ရှိတယ်၊ ဟိုးရှေ့က ရွက်ဖျင်မိုးထားတဲ့ တဲလေးပဲ၊ တွေ့ လား ကိုချက်ကြီးလို့ မေးလိုက်"

"အေးကွာ ၊ကျေးဇူးပဲ ညီလေး"

ဝိုင်က ဘေးဘီဝဲယာကို ဟိုဒီကြည့်နေမိသည်။ နိုင်ငံခြား ကပြန်လာပြီးနောက် အိမ်ကထမင်း ဝိုင်းကိုပဲ သတိရနေမိတာ အခုတော့လည်း လမ်းခုလတ်မှာ မထင်မှတ်တာ တွေ ကြုံတွေ့ နေရသည်။

တဲရှေ့ရောက်တော့ ဘယ်သူမှမရှိ။

ချက်ကြီးထမင်းဆိုင် လို့ နံရံမှာ မြေဖြူနှင့် ရေး ထားတာ တော့ တွေ့ ရသည်။

♥ ♥ ♥

မြေကို အမြင့်တစ်ထောင်လောက် ဖို့ထားပြီး အဲဒီ အပေါ်မှာ ကွပ်ပျစ်ချပြီး နေတာ သစ်သားထမင်းစားပွဲ နှင့် ထိုင်ခုံတွေ လည်း ရှိသည်။

"ဗျို့ ၊အိမ်ရှင်တို့"

ထစ်ချုံး က လှမ်းအော် အသံပြုလိုက်၏ ။

"ခင်ဗျာ လာပါပြီ"

တဲနောက်ဘက်က ထူးသံကြားရပြီးနောက် အသက်လေးဆယ် ခန့်ရှိနိုင်မည့် လူကြီး တစ်ယောက် ပုဆိုးတိုတို ပြင်ဝတ်ရင်း ထွက်လာပါသည်။

"ဒါ ကိုချက်ကြီး ထမင်းဆိုင်လား"

"ဟုတ်ပါတယ်၊ ညီလေးတို့က ထမင်းစားမလို့လား၊ ဝယ်မလို့လား"

"ဘာဟင်းရမလဲ"

"ကျွန်တော် က ပါဆယ်ထုပ်ပြီး ဘူတာမှာ ရောင်းတာ၊ အခု ဒီနားမှာ ရထားဆိုက် ထားတာမြင်လို့ သွားရောင်း မလို့ဗျ။ ဘဲဥပြုတ်နဲ့ အမဲ ကြော်ပဲရမယ်"

"ရတယ်ဗျာ၊ ရှိတာနဲ့လုပ်ပါ၊ ကျွန်တော် တို့ ဒီမှာ ပဲ စားမယ်"

ပြောပြောဆိုဆို ခရီးသွားစုံတွဲ က ပါလာတဲ့ အိတ်တွေ ချကာ စားပွဲမှာ ထိုင်လိုက်ကြသည်။ သူတို့တစ်ကိုယ်လုံး လည်းရေတွေရွှဲစိုနေကြသည်။ ချက်ကြီးက ဧည့်သည်တွေ ကို အားနာပြီး ရေဘူးတွေ လက်သုပ်ပဝါတွေ ၊ ဖန်ခွက်တွေ အမြန်လာပေး လိုက်သည်။ မိန်းမ ဖြစ်သူက ယောက္ခ မအိမ်သွားနေသဖြင့် ချက်ကြီးမှာ ဝမ်းမင်းရှူးလုပ်ကာ တစ်ကိုယ်တော် ကိုယ်တိုင်ချက်ပြုတ် ကိုယ်တိုင်သွားရောင်း နှင့် လုံးချာလည် နေချိန်မှာ မိုးကလည်း တအားရွာနေတော့ ပြုတ်စဖြင်းတာင်း ဖြစ်နေရသည် မဟုတ်လား။

ခရီးသွားဧည့်သည် စုံတွဲ ဟာ နှစ် ဦးစလုံး အတော် ချော

မောကြည့်ကောင်းသဖြင့် သူ့မျက်လုံးက အဲဒီ ဖက်လည်း ရောက်ရောက် သွားသေးသည်။ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ လား ထင်မှတ်မှာ းစရာပါ။

ချက်ကြီးမှာ ထမင်းခူးရင်း လှည့်အထွက်မှာ ခလုတ်တိုက် လိုက်သေးသည်။

ခုနမှန်တိုင်း တိုက်တာ ညီလေးကို သိလိုက်သေးလား၊ ထမင်းအိုးဖုံးတွေ လွင့်သွားလို့ လိုက်ကောက် ရသေးတယ်၊ သစ်ပင် တွေ လည်း လဲလိုက်တာမှ အများ ကြီး၊ ကျွန်တော် တော့ အိမ်ပါပါသွား ပြီမှတ်တာ”

“အဲဒါတောင် အဖျား ခတ်ရုံ ရှိသေးတာဗျ။ အဲဒီ အချိန်မှာ ကျွန်တော် တို့က ဟိုးထိပ်နားက ကင်းတဲဟောင်းလေး နားမှာ ”

“တော် သေးတာပေါ့ဗျာ”

ချက်ကြီးက ခူးခပ်ပြင်းဆင်ချ ပေးရင်း အခုန လေးပြင်း အကြောင်းလည်း နှုတ်ကပြော နေသေးသည်။ ရိုးသားဖော်ရွေ သဘောကောင်းသော လူကြီးပါ။

“ကဲ အေးအေးဆေးဆေး စားကြ၊ ကျွန်တော် တော့ အချိန်လေးရတုန်း ရထားဆီပြေး ရောင် းဦးမယ်”

“ကောင်းတယ်၊ များများ သာ ယူသွားဗျာ“

ချက်ကြီးက ထမင်းတောင်းကြီး ထမ်းဖို့ပြင်သည်။

ထစ်ချုံး က ကျသင့်ငွေ ထမင်းဖိုးကို ကြိုပေးထားလိုက်သည်။

“ဝိုင် စားလေ”

အမဲကြော်ပန်းကန်ကို ဝိုင်ရှေ့တိုးပေးလျှင်

“ကျွန်မ အမဲသားမစားဘူး၊ ဘဲဥ ပြုတ်နဲ့ပဲ စားမယ်”

“ကဲ သွားမယ်ဗျို့ ၊ ကိုယ့်အိမ်လို သဘောထားပြီးနေကြ၊ အဝတ်အစားအပိုပါလည်း လဲလိုက်ကြပါလားဗျာ၊ အအေးမိခြင်း အချမ်းထလာဦးမယ်၊

စိတ်ချလက်ချသာနား၊ ရထားက ဒီညပြန်ထွက်ဖို့ မရှိဘူး၊ ရေကျဖို့ တစ်ညစောင့်ရမှာ ပဲ ၊ မနက်မှပဲ ထွက်နိုင်မှာ ဗျ"

ချက်ကြီးက သူတို့ထမင်းစားလို့ မပြီးခင်မှာ ပဲ ထမင်းတောင်းကြီးထမ်းလျက် ရေထဲက စွပ်စွပ်နင်းကာ ထွက်လာသည်။

ဝိုင်က ပြုံး ကာ

"သူ ကတော့ သူ့အိမ်ကို စိတ်ချလက်ချ ထားသွားပြီး ကြည့်ဦး"

"သူ့အိမ်ကလည်း ဘာမှခိုးစရာ မမြင်ပါလား"

သူက ရွှတ်နောက်နောက်ဆိုသည်။ ဝိုင် လှမ်းကြည့်တော့လည်း ဟုတ်သည်။ သစ်တော ကွပ်ပျစ်ပေါ်မှာ ဟောင်းနွမ်း နေတဲ့ ခေါင်းအုံးတို့ စောင့်တို့ပဲ ရှိသည်။ ပြီးတော့ အနီးမှာ ထင်းစည်းတွေ ထပ်ဆင့်ထားတဲ့ ကျပ်ခိုးတွေ နဲ့မဲ နေတဲ့ ထင်းမီးဖို နှစ် လုံးနဲ့ မဲတူးနေတဲ့ ဒန်းအိုး ဒယ်အိုးတွေ နှင့် ပန်းကန်ခွက်ယောက် တွေ တဲတစ်ခုလုံးမှာ ဒါပဲတွေ့သည်။

"ရှင်က ဘာများ ခိုးချင်သေးလို့လဲ"

"ခိုးချင်ရင်တောင် သူခိုးစိတ်ညစ်သွားမယ်ကွ"

"စားစရာ ရှိတာပဲ ကျေးဇူးတင်းဦး"

"ဟုတ်တယ်ဗျာ၊ ဗိုက်ဆာနေတော့ ဘဲဥပြုတ်နဲ့လည်း ကောင်းတာပဲ"

သူတကယ် နှစ် ပန်းကန်ကုန်သွားပြီ။ ဝိုင်လည်း မရှက်တော့ဘဲ အားပါးတရစားသည်။ ငပိကြော်စပ်စပ် လေးနှင့် ထမင်းပူပူဟာ ဆာလောင်နေတဲ့ သူ့အတွက်တော့ နတ်သဒ္ဒါပဲလေ။ စားကောင်းလိုက်တာ။ ဒါတောင် ဆန်ကောင်းလို့ ချက်ထားတာ မဟုတ်။ ဝိုင်တို့နှစ် ယောက် ရဲ့ ဖြစ်သလို စားလိုက်ရတဲ့ တစ်နပ်စာဟာ မမေ့နိုင်စရာ။

"ရေနွေးရှိတယ် သောက်မလား၊ ဒီလူချက်ကြီး ကလည်း ရေနွေးတောင်

မထည့်ပေး သွားဘူး၊ သူ့ဟာသူ စျေးရောင်းဖို့ပဲ လောနေတာ”

ထစ်ချုံး ညက မီးဖိုပေါ်က ရေနွေးကရားတို့ သူ့ဘာသာ သွားယူလျက် ဖန်ခွက် ထဲထည့်သည်။

“အကြမ်းပန်းကန်လုံးတွေ က ဟိုမှာ ”

ဝိုင်က သွားယူပြီး ရေဆေးလိုက်သည်။

နှစ် ဦးသားမှာ မိုက်လည်းပြည့် သွားပြီမို့ အေးအေးဆေးဆေးပဲ လက်ဆေးပြီးနောက် မိုးတစိမ့်စိမ့်မှာ ရေနွေးကြမ်းထိုင် သောက်နေကြသည်။

“ဝိုင်”

“ရှင်”

ကတ္တီပါဝိုင်က အကြမ်းခွက်လေး ကိုင်ကာ မှု တ်သောက်နေရင်း မျက်လွှာလေးပင့်လျက် ထူးမိသည်။

“မင်းချမ်းနေပြီမို့လား”

“မချမ်းပါဘူး”

“မချမ်းလည်း ဒီလိုရေစိုနဲ့ တော့မ ဖြစ်ဘူး၊ ကိုယ်ဒီရှေ့ ဖက်လှည့်ထိုင်နေမယ်၊ မင်းအဝတ်အစား ပါတယ်မို့လား၊ သွားလဲလိုက်လေ”

“ရပါတယ်“

“ရတယ်မလုပ်နဲ့ ၊လဲလိုက်“

“ခြောက်မှာ မဟုတ်ဘူး၊ မင်းဝတ်ထားတာ အထူကြီးတွေ ”

ဝိုင်က ကျောပိုးအိတ်လက်က ဆွဲပြီး ကွပ်ပျစ်အနောက်ဖက်သို့ လျှောက်လာခဲ့သည်။ ပြီးတော့ ပန်းထိုးထားတဲ့ ဖန်စီဂျင်း ပန်အပျော့သားနှင့် ရှပ်အင်္ကျီလက်ရှည် အနီအနက် အကွက်စိပ်လေးကို ထုတ်ဝတ်လိုက်၏ ။

အခုမှပဲ နွေးထွေးအဆင်ပြေ သွားပါသည်။

ရှေ့တူရူသာ မျက်နှာလှည့်ထားတဲ့ သူ့ကျောပြင်ကိုလည်း မလုံမလဲ လှမ်းကြည့်နေမိသည်။

သူဟာ ဘယ်လိုလူစားလည်း မသိပါဘဲ ဒီတဲအိမ်လေးထဲ နှစ် ယောက် တည်း အတူရှိနေ ခဲ့ရသည်။

အပြင်မှာ ရွာနေတဲ့မိုးက မစဲသေးပေမယ့် ခုနထက်တော့ အားပျော့ သွားပါပြီ။ ဒါပေမဲ့ ရွာတော့ရွာနေတုန်း ပဲ ဖြစ်သည်။

"ပြီးပြီလား"

သူက ဝိုင်ဖက် စောင်းငဲ့ကြည့်လိုက်သည်။ သူမကို ကြည့်ရတာ ကမ်းထရီးရုပ်ရှင်ကားထဲက ကောင်မလေးနှင့် တူနေသည်။ စိုနေတဲ့ ဆံနွယ်လေးတွေ ကို သဘက်ဖြူလွလွနှင့် ရေစင်အောင် ဖွဖွသုတ်နေပုံလေးက အမြင်မှာ ဘာမှမဟုတ်ဘဲ ဆန်းနေသည်။

သူက ဘာမှထပ်မပြောဘဲ စူးစိုက်ငေးမောကြည့်နေ သဖြင့် ဝိုင်ရင်ဖိုလာမိသည်။

အခြေအနေနှင့် အချိန်အခါလေးသည် ဝိုင်တို့စိတ်တွေ လှုပ်ရှားငြိမ့်ညောင်း အောင်လည်း ဖန်တီးပေးနေသည် မဟုတ်လား။

ဝိုင်က မျက်လွှာလေး ချလိုက်သည်။ ရဲတင်းစူးရှတဲ့ သူ့မျက်လုံးတွေ ကို ရင်ဆိုင်ရတိုင်း ရင်ထဲမှာ ဘာ ဖြစ်သွားမှန်းမသိ။

"မိုးက မတိတ်တော့ဘူးနော်"

သူမက အပြင်ဖက်ကိုကြည့်ပြီး စိတ်လှုပ်ရှားပြော ပြောလိုက်၏ ။

ထစ်ချုံး က ဘာမှပြန်မဖြေဘဲ သူမကိုသာ မျက်တောင် မခတ်ကြည့်နေသည်။ ပင်ကိုယ်သဘာဝ မျက်တောင် ကော့ကော့ နှုတ်ခမ်းရဲလေးနှင့် နီးနီးကပ်ကပ် မြင်နေရတာ သူ့နှလုံးသားတွေ ပူနွေးလာသည်။

“ရှင်ဘာကြည့်နေတာလဲ”

“မင်း အရမ်းလှလို့ပါ”

သူက ခပ်တိုးတိုးဖြေလိုက်တာမို့ ဝိုင် မျက်နှာမထား တတ်အောင် ရှက်သွေးဖြန်းမိသည်။

“ရှင်ကလည်းနော်”

“ဘာ ဖြစ်လို့လဲ”

“မိုးရွာလို့ စိတ်ညစ်ရတဲ့အထဲ”

“မိုးရွာတာ စိတ်ညစ်စရာလို့ ဘယ်သူပြောလဲ၊ ကိုယ်တော့ ပျော်နေတာ”

“မ ဖြစ်နိုင်တာကို၊ ရထားမထွက်နိုင်လို့ လူတွေ အကုန်လုံး ဒုက္ခရောက်တဲ့ ဥစ္စာ၊ မုန်တိုင်းမိပြီး ရေကြီးပြီးတော့ သော င်တင်နေကြတာ၊ ဘယ်လိုလုပ်ပျော်နိုင်မှာ လဲ၊ ထမင်းတောင် ငတ်ပြီထင်တာ၊ ကံကောင်းလို့ပေါ့”

“တစ်ခါတလေကျရင် ဒုက္ခတွေ ကြားမှာ ရင်ခုန်မက်မော သာယာမိတာလည်း ရှိနိုင်တာပဲ”

သူ့စကားကြောင့် ဝိုင့်နှလုံးသားမှာ လှပ်ခနဲ နွေးသွားရ၏ ။ သူ့စိတ်ထဲ သာယာရင်ခုန် နေတယ်လို့ ဝန်ခံတာလား။

မဟုတ်ပါဘူး။ ဝိုင်တို့ အပျော်ခရီး ပစ်ကနစ်ထွက် လာတာမှမဟုတ်တာ။

သူကပြောရင်း အနားကထွက်သွားပြီး ကျောပိုးအိတ်ဇစ် ကိုဖွင့်ကာ အဝတ်အစား ထုတ်သည်။ တီရှပ်မရမ်းရောင် နှင့် ချည်ဘောင်းဘီ ကာကီရောင် ကို လဲလှယ်ပြီး အဝတ်ရေစို တွေ ကို ဝါးတန်းပေါ်တင် လှမ်းလိုက်၏ ။

သူ့တဲကျနေတာပဲ။ အဝတ်တောင် လှမ်းလို့ ။

“အဝတ်တွေ ဘာလို့လှမ်းတာလဲ ၊ မိုးတိတ်ရင် ဝိုင်တို့ ပြန်ထွက်မှာ ပဲဥစ္စာ ”

"ရထား မထွက်သေးပါကွာ"

"မထွက်လည်း ရထားပေါ်ပဲ ပြန်နေမှာ ပေါ့"

"ဒီမှာ နေရတာ ဘာ ဖြစ်လို့လဲ ၊ကိုယ့်ကိုကြောက်လို့လား၊ စိတ်မချလို့လား"

"အို အဲဒါကြောင့် မဟုတ်ပါဘူး"

"ကိုယ် လူကောင်းလား၊ လူဆိုးလား မင်းသိလို့လား ဝိုင်"

သူက အနားသို့ ပြန်လာထိုင်ကာ စေ့စေ့ကြည့်ပြီး မေးသည်။ အမှန်တော့ သူနှင့်ဝိုင်တို့ တွေ့ကြတာ နာရီပိုင်းပဲ ရှိသေးသည်။ သူ ဘယ်လိုလူဆိုတာ ဝိုင်မသိ။ ဒါပေမယ့် စိတ်ထဲမှာ တော့ လူဆိုးလို့ မခံစားမိပါဘူး။ ပျော်တတ်ပြီး အေးဆေး သဘောကောင်းမည့် လူဟုသာ အကဲခတ်မိသည်။

"လူဆိုး ဖြစ်နေရင်ရော"

သူက ပြုံး ထေ့ထေ့လေး မေးသည်။

"မင်းစိတ်ထဲမှာ အကြွင်းမဲ့တော့ မယုံဘူးမို့လား ဝိုင်"

"ရှင့်နောက်ကြောင်းမှာ မသိတာ"

"မယုံပါဘူး ဆိုပါတော့"

မင်းယုံလား မယုံလား မသိတဲ့အချိန်မှာ ကိုယ်က မင်းကို စူးစူးနစ်နစ် ချစ်သွားပြီကလေးမ။

မိန်းကလေး တစ်ယောက် အပေါ် ချစ်မိသွားဖို့ ဘာတွေ လိုအပ်သလဲ ဆိုတော့ ကိုယ်မသိဘူး။

"မယုံတာလည်း မဟုတ်ပါဘူး"

သူမပြောပုံလေးက ချစ်စရာ။ အားတုံ့အားနာ ဟန်လေးလည်းပါသည်။

ဒီအချိန်မှာ ရည်းစားစကားပြောလိုက်ရင် အခွင့်အရေး ယူတယ်၊ အထင်သေး လျှော့တွက် တယ်လို့ ထင်မှာ လား။

မပြောအပ်တဲ့အချိန်၊ မပြောအပ်တဲ့ နေရာလား ဝိုင်။

ဒါပေမယ့် ရင်ထဲမှာ ချစ်မိတာ ကတော့ ချစ်မိတာပဲ။ အချိန်တွေ နေ့ရက်တွေ နှင့် မသက်နိုင်ပါဘူး။

တစ်ခါတစ်ရံ ခဏလေး တွေ့ကြုံရုံနှင့် လူနှစ် ယောက် တစ်သက်လုံး ချစ်သွားကြဖို့ ဖြစ်နိုင်တယ် မဟုတ်လား။

"ကိုယ်တော့ ဝိုင်နဲ့ ဒီအတွေ့အကြုံလေးကို ဘယ်တော့မှ မေ့မှာ မဟုတ်တော့ဘူး"

"ဟုတ်တယ်နော်၊ ဝိုင်က ဒီညနေအိမ်ရောက်ပြီလို့ တွက်ထားတာ"

"ဝိုင်တို့အိမ်က မော်လမြိုင်မှာ ပဲလား"

သူမက ခေါင်းညိတ်ရင်း

"ရှင်ရော ရန်ကုန်ကလား"

"မဟုတ်ဘူး၊ ရန်ကုန်ကို အလုပ်ကိစ္စနဲ့ ရောက်လာတာ တစ်လလောက်ပဲ ရှိသေးတယ်၊ ကိုယ်နေတာ ရှမ်းပြည်ဘက်၊ တောင်ကြီး၊ လားရှိုး၊မူဆယ်၊ တစ်ခါတလေ ရွှေလီဘက်"

"များ လှချည်လား၊ ရှင့်ရဲ့ နေရပ်စာတွေ က"

သူမက မျက်မှော င်ကုပ်လေးနှင့် ပြန်မေး၏ ။

"ကိုယ်က ကုန်သည်ကိုး၊ နေရာတကာ ရောက်နေတာ ပေါ့"

"အခု မော်လမြိုင် ကိုရော အလုပ်ကိစ္စနဲ့ပဲလား"

"ဆိုပါတော့"

“ဆိုပါတော့ ဆိုတော့ သီချင်းကို ပြောတာလား”

“ဟား . . .ဟား ဆိုချင်လည်းဆိုလေ”

“အိမ်မှာ တော့ ဝိုင်က အဆိုတော် ပဲ၊ အစ်ကိုတွေ က ဂစ်တာတီးပေးတယ်”

“ဟုတ်လား၊ ဝိုင်တို့မိသားစုက ပျော်စရာကြီးပေါ့”

“အင်း ပျော်စရာကောင်းတယ်”

“ဒါဆိုရင် ဝိုင်က ရန်ကုန်ကို အလည်သွားတာလား၊ မင်းလိုလှတဲ့ မိန်းကလေးက အဖော်မပါဘဲ ခရီးသွားတာကို မင်းအိမ်က စိတ်ချလိုက်ချလွှတ်တာအံ့သြတယ်”

“သူတို့ ကတော့ ဘယ်လွှတ်ချင်ပါ့မလဲ၊ ဝိုင်က အတင်းပူဆာတာ၊ ရန်ကုန်မှာ အဒေါ်နဲ့ညီအစ်မ ဝမ်းကွဲတွေ ရှိတယ်၊ ဖက်ရှင် ဆိုင်ဖွင့်ထားတာ၊ အင်္ကျီလည်း ချုပ်တယ်၊ ဝိုင်က အဲဒီ ဖက်ရှင် ဒီဇိုင်နာအလုပ်ကို အရမ်းဝါသနာ ပါလို့ သူတို့ဆီ သွားနေတုန်းက စက်ပူမှာ သင်တန်းသွားတက်တာ”

“စက်ပူထိ မင်း တစ်ယောက် တည်း”

“ဟင့်အင်း တစ်ယောက် တည်း မဟုတ်ပါဘူး၊ အစ်မ ဝမ်းကွဲအဖော်ပါပါ တယ်နော်၊ ရှင်ဟာလေ ဝိုင့်ကို မယုံသင်္ကာနဲ့ တစ်ယောက် တည်းလား၊ တစ်ယောက် တည်းလားပဲ မေးနေတယ်”

“စိုးရိမ်လို့ပါ၊ အခုတောင် ကိုယ်နဲ့တွေ့လို့သာပေါ့၊ ဒီနေရာမှာ တခြား တစ်ယောက် ဆို မင်းဘယ်လိုလုပ်မလဲ”

သူမက မျက်စောင်းလေးဝင့်ရင်း

“တခြား တစ်ယောက် ဆို ရွာထဲဘက် မလာဘူးပေါ့”

“ရထားပေါ် မှာ လည်း ဗိုက်ဆာဆာနဲ့ လိမ့်ပိန့်ပြီး ဆက်ထိုင်နေမှာ ပေါ့၊ ဟုတ်လား”

“အင်းလေ ဒါလည်း ရှိတာပဲ”

“ဒါဖြင့် ကိုယ်ခေါ်တော့ ဘာကြောင့် လိုက်လာတာလဲ ”

“မသိဘူး”

“ဝိုင်တကယ် မသိတာ၊ သူစိမ်း တစ်ယောက် ရဲ့ ဘာကြောင့် ယုံယုံကြည်ကြည် လိုက်လာ မိသလဲ ကိုယ့်ဘာသာလည်း မတွေး တတ်ပါဘူး”

“ရှင်တရော ဘာကြောင့် ဝိုင့်ကိုမှ ရွေးခေါ်တာလဲ”

“မင်းနဲ့ကိုယ်က ဘဝတူပဲလေ၊ ရထားပေါ်မှာ အဖော် လည်းမပါဘူး၊ စားစရာလည်း ပါမလာဘူး၊ ဟားဟား ”

“ဝိုင်တို့အဒေါ်က သူလိုက်ပို့မယ် ပြောထားတာကို ဝိုင်က သူ့ကို မစောင့်ဘဲ ကိုယ့်ဘာသာ စိတ်လောပြီး ပြန်ချလာတာ၊ အခုကြည့် လမ်းမှာ ပဲ အိပ်ရတော့မယ်”

ကတ္တီပါဝိုင်က စိတ်ပျက်လက်ပျက်လေး ပြောမိသည်။ ဒါပေမယ့် ရင်ထဲမှာ ကြောက်လည်း မကြောက်၊ ဘာမှလည်း မပူပန်၊ဒါဟာ ဒီလူကြီးအနားမှာ ရှိနေလို့လား၊ အစစ အရာရာ အားကိုးအားထား ရှိနေသလိုပဲ ရင်ထဲမှာ နွေးထွေးပြည့်စုံနေတာ။

“ကိုထစ်ချုံး ရေ မိုးပါးသွားပြီထင်တယ်၊ ကြည့်ပါဦး၊ ရထားဆီကို ပြန်သွား ရအောင်လေ၊ အေးအေးဆေးဆေး စကားကောင်းနေလို့ မ ဖြစ်သေးဘူး”

သူမက လူကြီးသူမလေးကို မိုးအခြေအနေကို ကြည့်ပြီး ပြန်ကြဖို့ စကားစသည်။ ထစ်ချုံး ညက တုပ်တုပ်မျှမလှုပ်ဘဲ အသာငေးကြည့်နေမိသည်။

အခုလို နှစ် ယောက် တည်း အေးအေးချမ်းချမ်း ရှိနေရတဲ့ အချိန်ကလေးကို တကယ်မကုန်စေချင်တော့ပါ။

“ထွက်ကြတော့မလား”

“မိုးမှ မတိတ်သေးတာကွာ”

"အိုး ဒီမိုးကတိတ်မယ့်မိုးမှ မဟုတ်တာ၊ အပြင်မှာ ရေနည်းနည်း တော့ နည်းသွားပြီ လာကြည့်"

သူက တိုင်ပင်ညှိနှိုင်း သလိုလေး ပြောသည်။

"ကိုချက်ကြီးလည်း ပြန်မလာသေးဘူး"

"ဟင် ကိုထစ်ချုံး က သူ့ကို စောင့်ဦးမှာ လား"

မျက်လုံးဝိုင်းလေးနှင့် စောင်းငဲ့ကြည့်ကာ မေးတော့ သူပြုံး မိသည်။

"ကိုယ့်စောင့်ချင်သေးရင် ဝိုင်က မစောင့်ဘူးလား"

"မိုးချုပ်သွားမှာ စိုးလို့ပါ"

"ကိုယ်ပါတာပဲ၊ မကြောက်ပါနဲ့၊ လမ်းမှာ ရေနည်းသွားတော့ ကောင်းတာပေါ့ "

"ဒါဆိုလည်း ရှင့်သဘောပဲ"

သူတို့နှစ် ယောက် သား တံစက်မြိတ်လေး အောက်မှာ ရပ်လျက် ရေတွေ တဝေါဝေါ စီးဆင်းနေတာကို ကြည့်နေမိကြသည်။

တစ်ယောက် အကြောင်း တစ်ယောက် မေးကာ ရောက်တတ်ရာရာ ပြောနေမိကြကာ အတန်ကြာ၍ ကိုချက်ကြီး ပြန်လာမှပဲ တဲအိမ်ကလေး ဆီကနေ နှုတ်ဆက်၍ ထွက်လာခဲ့ကြသည်။

ခရီး တစ်ယောက် မှာ ကြုံဆုံခဲ့ရပုံလေးက အမှတ်မထင် ဆန်ပေမယ့် သူနှင့် ဝိုင်အကြားမှာ နက်ရှိုင်းသော ငြိတွယ်မှု တွေ က ပြောမပြတတ် အောင် ခိုင်မာသွားစေခဲ့ရသည်။ ရထားပေါ် ပြန်ရောက်တော့ မှော င်မဲနေပြီ။ ခရီးသည်တွေ လည်း ဟိုတစ်ခု ဒီတစ်ခု နားနေကြသည်။

အဲဒီ ညက ရေအကျကို စောင့်ရင်း ရထားပေါ်မှာ ပဲ တစ်ညအိပ်လိုက် ရပါသည်။

ဝိုင်သည် ပင်ပန်းနွမ်းနယ် ငိုက်မြည် းလျက် ညအမှော င်ထဲမှာ သူ့ပခုံးပေါ်မှာ

အမှတ်မထင် မီးလျက် အိပ်ပျော်သွားခဲ့ရပါသည်။

ခေါင်းမှီမွေးခဲ့ရသော သူ့ရဲ့ ပခုံးတစ်ဖက် အကြောင်း ဝိုင်စဉ်းစားလိုက်တိုင်း နှုတ်ခမ်းလေး တွေ က ရှက်စနိုး နှင့် ပြုံး မြလာမိသည်။

♥♥♥

"သူဇာရေ၊ ဟေ့ မသူဇာ"

"ရှင်"

"မင်းဘာလုပ်နေလဲ၊ ရန်ကုန်ကို ဖုန်းဆက်ကြည့်ပါဦး"

"ဩော် မနေ့ကတည်းက ရှင့်သမီး ဘူတာဆင်း သွားပါ တယ်ဆိုမှ"

"ဒါဆို ဘာလို့ အခုမနက်ထိ မရောက်တာလဲကွာ၊ငါ စိတပူလာပြီ"

"မုန်တိုင်းနဲ့ဘာနဲ့ ရထားမထွက် နိုင်လို့ ဖြစ်မယ်"

"ဒီကောင်မလေး အိမ်ကို ဖုန်းဆက်ဖို့တော့ ကောင်းတယ်"

"လာမှာ ပါရှင်၊ တကတည်း အမေလုပ်တဲ့ ကျွန်မက မပူရဘူး"

ဦးဘမာန်သည် သူ့သမီး အငယ်ဆုံးလေး ကတ္တီပါဝိုင်ကို တော့ သည်းသည်း လှုပ် ဖူးဖူးမှု တ် ချစ်လေသည်။ ဘာမဆို အလိုလိုက်အကြိုက်ဆောင်ပြီး စကော်ပူထိ ဖက်ရှင်ဒီဇိုင်း ပညာသင်ဖို့ လွှတ်ခဲ့တာကိုပဲကြည့်။

အကြီးမ ချမ်းချမ်းတုန်း ကတော့ ချုပ်ချယ်လိုက်တာ။ ဘာမဆို သူ့စိတ်တိုင်းကျ စီမံခွင့်ရမှ ဖြစ်တဲ့ အဖိုးကြီး။

အခုတော့ လွန်ခဲ့တဲ့ ဆယ်နှစ် လောက် ထက်စာလျှင် ဦးဘမာန်တို့ အနည်းငယ် မာန်ကျသွား ပြီလို့ ပြောနိုင်သည်။

သိပ်ပြီး စိတ်လိုက်မာန်ပါ မလုပ်တော့။ တရားဓမ္မတွေ လည်း လေ့လာလိုက်စားတတ်သည်။ အရင်ကလို နေရာတကာ ဒေါသကြီးတော့ဘဲ စိတ်သဘောထား ပျော့ပျောင်းလာသည်။

"မင်းညီမ ကြည်ပြာကကွာ ငါ့သမီးလေးကို တစ်ယောက် တည်း ပြန်လွှတ်တာတော့ မကောင်းပါဘူး"

"အိုး ရှင့်သမီး ကြည်ပြာတို့ လိုက်ပို့ပါ့မယ် ဆိုတာ ပြောမရဘူး၊ အဝတ်အစားတွေ တောင် မယူဘဲ ကျောပိုးအိတ်လေး တစ်လုံးနဲ့ပဲ ထွက်လာတာတဲ့ "

"သမီးဝိုင်က စိတ်မြန်တယ်"

"အဲဒါ ရှင်နဲ့ တူလို့ပေါ့"

ဦးဘမာန်က သဘောကျစွာ ပြုံး လိုက်သည်။ ဟုတ်ပါရဲ့ သမီးငယ်ဝိုင်ရဲ့ စိတ်နေစိတ်ထားက သူ့လိုပဲ ပွင့်လင်းတက်ကြွသည်။ ထက်ထက်မြက်မြက် ရှူး ရှူး ဒိုင်းဒိုင်း သမား ဖြစ်၏ ။

"ကဲပါရှင် ရှင်ဗိုက်ဆာနေပြီ မဟုတ်လား၊ ဒီမှာ ထမင်းကြော်နဲ့ ကော်ဖီနဲ့ အဆင့်သင့် စားလိုက်ဦး"

ဦးဘမာန်က မနက်ခင်းမှာ ထမင်းစားပွဲမှာ မထိုင်နိုင်သေးဘဲ ဟိုလျှောက်ဒီလျှောက် လုပ်နေသည်။

ဒီအချိန်ထိ သမီးငယ်ဝိုင် ဘာလို့ ရောက်မလာသေးတာလဲ။

အမှန်ဆို မနေ့က နှစ် ဆယ့်ခြောက်ရက်မှာ ပဲ ရောက်ရမှာ ။

မုန်တိုင်းကြောင့် လား။ ဖြစ်နိုင်သည်။

"သူဇာ"

"ဘာတုန်းရှင့်"

“သမီးကြိုက်တဲ့ ဂျုပူတင်း မင်းလုပ်ထားသေးလား”

“သမီးလေး အကြိုက် အားလုံး ချက်ပြုတ်ထားပြီးသား ဘာမှမပူနဲ့ ရှင့်သားကြီးကို ဘူတာရုံအကြိုလွှတ်လိုက်တော့”

“ငါလည်း လိုက်သွားမယ်”

“ဒါဖြင့် လည်း မြန်မြန်စား”

ဦးဘမာန်က ထမင်းကြော်ကို နှစ် လုပ်သုံးလုပ်ပဲ အမြန်စားကာ ကော်ဖီကို ကမန်းကတန်း သောက်ချပြီး နောက်သူ့သား ကြီး စစ်သူရကို ခေါ်ကာ ဘူတာ ဆင်းကြိုကြဖို့ ပြင်ဆင်သည်။

စစ်သူရဟာလည်း ခုထက်ထိ မိန်းမမယူသေးဘဲ လူပျိုကြီး ကြီးလုပ်နေသည်။ အရင် ကတော့ မိဘတွေ က သူတို့ပညာရေး ခရီး အနှောင့်အယှက် ဖြစ်မှာ ၊ ပညာမစုံမှာ ပူခဲ့ရသည်။

အခုတော့လည်း ကြင်ယာမစုံ ၊ အထီးကျန် ဖြစ်မှာ ကို တစ်မျိုး စိုး ရိမ်ရပြန်ပါပြီ။ သားနှစ် ယောက် သမီးနှစ် ယောက် မှာ ဘယ်သူမှ အိမ်ထောင်မပြုသေး။ အခုကျတော့လည်း ဒါကိုပဲ ကသိကအောက် စိတ်ပူရပြန်ပြီး မဟုတ်လား။

“ဟေ့ စစ်သူ ဘယ်မလဲ ငါ့သမီးကို သွားကြိုမယ် လေ၊ မင်းတို့ညီမ မင်းတို့မလွမ်းဘူးလား၊ အရင်ကဆို မိဘနဲ့ တစ်ခါမှ မခွဲဘူးတဲ့ ကလေးမ”

“အမေကလည်း ဝိုင်လေး သူ့ဟာသူ လာမှာ ပါ၊ ဒီကောင်မလေး ကမခေပါဘူး၊ စကော်ပူတောင် ရောက်သွားသေးတာ၊ အဖေ့သမီးက လူလည်၊ သားတို့ထက်တောင် နှာတစ်ဖျား သာသွားပြီ ၊ ဟား ဟား”

ရဲသူရက သူ ခုထက်ထိ နိုင်ငံခြားမထွက် ရသေးတာ ကြောင့် မလိုတမာသံနှင့် ဝင်ပြောလိုက်ပါသည်။

“လာ မင်းရောလိုက်ခဲ့ ရဲသူ၊ ငါတို့ အတူတူ သွားမယ်၊ သားကြီးက

ကားမောင်းပါ”

“ဟာ သားမလိုက်တော့ဘူး၊ အဖေနဲ့ ကိုစစ်သူပဲ သွားလိုက်တော့၊ ဗိုက်ဆာနေပြီဗျ၊ ဘရိတ်ဖက်စ် စားလိုက်ဦးမယ်”

“အဲဒီ ကောင်က အစားပုတ်၊ နေပါစေ ငါတို့ပဲ သွားကြမယ်”

အဖေကြီးက စိတ်လောနေပြီမို့ စူပါရုပ်ဖ်ကားနားမှာ သူအရင်ရောက်နေပါသည်။ စစ်သူရက ကားသော့ ဖြုတ်ပြီး အပြေးလိုက်ရသည်။ ဒေါ်သူဇာက သူတို့ကို ကားနားလာရောက် လိုက်ပို့ပြီး လက်ပြကျန်ရစ်၏ ။စူပါရုပ်ဖ် အဖြူလေးက ခြံထဲမှ ဝေါခနဲ မောင်းထွက် သွားသည်။

♥♥♥